EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၂၃)၊ ဇန်နဝါရီ ၂၄ ရက်၊ ၂၀၁၇

## သက်ငယ်မုဒိမ်းကာကွယ်ရန်အဆို တပ်မတော်သား ကိုယ်စားလှယ်တစ်ဦး၏မဲကြောင့် အနိုင်ရ



ဇန်နဝါရီ ၁၃၊ ၂၀၁၇

သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်၍ အခြေခံပညာ မူလတန်းမှစ၍ ပညာပေးလုပ်ငန်းများ ပြုလုပ်သင်ကြားပေးရန် အဆိုကို ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြုလုပ်သည့် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေးတွင် ကိုယ်စားလှယ် ဒေါက်တာကျော်ဦး(အောင်မြေသာဇံ-၂)မှတင်သွင်းခဲ့သည်။ သက်ငယ်အကြမ်းဖက်မှုများ လျော့ကျရေးအတွက်လည်းကောင်း၊ ကြိုတင်ကာကွယ်များ ပြုလုပ်ရန်လည်းကောင်း၊ ပြည်သူအများက ဝိုင်းဝန်းပါဝင်လာစေရေးတို့အတွက် ပညာပေးသင်ကြားမှုအစီအစဉ်ကို ကလေးအရွယ်သုံးနှစ်မှ ၁၂ နှစ်အရွယ်မှ စပြီး စတင်ဆောင်ရွက်ရန် အဆိုတင်သွင်းခဲ့ကြောင်းသိရသည်။

ယင်းအဆိုကို ကိုယ်စားလှယ်ခြောက်ဦး ထောက်ခံဆွေးနွေးခဲ့ကြပြီး မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မှ မှတ်တမ်းတင်ထားရှိရန် ပြောကြားသောကြောင့် မဲခွဲဆုံးဖြတ်ခဲ့ရာ တပ်မတော်သားကိုယ်စားလှယ်တစ်ဦး၏မဲကြောင့် အနိုင်ရခဲ့သည်။ အတည်ပြုရန်ထောက်ခံခဲ့သည့် တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူးဟန်ဇော်ဝင်းက မိမိသဘောထားဆန္ဒအရ ယင်းအဆိုကို ထောက်ခံခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုသည်။

"မဲခွဲဆုံးဖြတ်ရာမှာ ကိုယ်စားလှယ်များထဲမှ ၃၅ ဦးထောက်ခံပြီး ၃၄ ဦးက မထောက်ခံခဲ့ပါဘူး။ တစ်မဲအသာရခဲ့တဲ့အတွက် အဆိုကို အတည်ဖြစ်ကြောင်း လွှတ်တော်က ဆုံးဖြတ်ပါ တယ်"ဟု မန္တလေးတိုင်းလွှတ်တော်ဥက္ကဋ္ဌဦးအောင်ကျော်ဦးက ပြောကြားသည်။

"ကျွန်တော်တို့ကိုယ်တိုင် ပြီးပြည်စုံအောင် ဆောင်ရွက်လို့မရပါဘူး။ ပူးပေါင်းဆောင်ရွက်မှာပါ။ သင်ရိုးညွှန်းတမ်းထဲမှာ ထည့်မယ်အထိဆိုရင် ပိုကြိုက်ပါတယ်။ အဲဒီအတွက်ကလည်း နားလည်တတ်ကျွမ်းတဲ့ ပညာရှင်တွေနဲ့ ပူးပေါင်းပြီးတော့ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ စီစဉ်မယ်လို့ယူဆပါတယ်" ဟု ဒေါက်တာကျော်ဦးက ပြောဆိုသည်။

*(ကိုးကား - The Voice Daily နှင့် www.elevenmyanmar.com မှ ကောက်နုတ်တင်ပြသည်။)*

### သတင်းတို

■ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တင်ဒါအောင်မြင်သည့်စာရင်းအား ဇန်နဝါရီလ ၆ ရက်တွင် ကြေညာခဲ့သည်။ ပထမတင်ဒါအောင်စာရင်းအား အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကြေညာခဲ့ရာ ဆွေမျိုးနီးစပ်သူများ တင်ဒါအောင်ခဲ့သည်ဟု ဝေဖန်မှုများရှိခဲ့သဖြင့် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပယ်ဖျက်ခဲ့သည်။

*(ကိုးကား - Dawei Watch)*

# လွှတ်တော်ခွင့်မပြုသည့် VIP ဧည့်ရိပ်သာ မွန်ပြည်နယ်အစိုးရအဖွဲ့ ဆောက်လုပ်နေဆဲ

ဇန်နဝါရီ ၁၁၊ ၂၀၁၇

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက် အစိုးရအိမ်ယာဝင်းအတွင်း ငွေကျပ် သိန်း ၁ သောင်း ၁ ထောင်ကျော် ကုန်ကျမည့် VIP ဧည့်ရိပ်သာ ၄ ထပ်အဆောက်အဦကို မွန်ပြည်နယ်လွှတ်တော် ခွင့်မပြုသော်လည်း ဆက်လက်အကောင်အထည်ဖော် ဆောက်လုပ်နေဆဲဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

မွန်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက "လွှတ်တော်က အဆိုအတည်ပြုထားတယ်ဆိုတာ အစိုးရအဖွဲ့လည်းသိနေတယ်၊ ဆောက်တယ်၊ မဆောက်ဘူးဆိုတာ သူတို့အပိုင်း၊ လွှတ်တော်ရဲ့ဥပဒေအပိုင်းကတော့ VIP ဧည့်ရိပ်သာမဆောက်ဖို့၊ ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုစေမယ့် လုပ်ငန်းဆောင်ရွက်ဖို့အဆိုကို အတည်ပြုထားတယ်"ဟု ပြောသည်။

မွန်လွှတ်တော်မှ အတည်ပြုထားသည့် အဆိုထဲတွင် VIP ဧည့်ရိပ်သာနှင့် ပြည်နယ်ဥပဒေချုပ်ရုံး မဆောက်လုပ်ဘဲ ပယ်ဖျက်ပေးရန် အပါအဝင် အဆိုပါစီမံကိန်း နှစ်ခု၏ ကုန်ကျစရိတ်မှာ ငွေကျပ်သိန်းနှစ် သောင်းကျော် ရှိကြောင်း သိရသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာ (၄) ရက်နေ့ကကျင်းပသည့် မွန်ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် ပေါင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်က VIP ဧည့်ရိပ်သာ ဆောက် လုပ်မည့်အစား ဘတ်ဂျက်ငွေကို ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုရန် အဆိုတင်သွင်းခဲ့ပြီး ၎င်းအဆိုကို လွှတ်တော်မှ အတည်ပြုခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့က မွန်ဝန်ကြီးချုပ်ဦးမင်းမင်းဦး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ မွန်လွှတ်တော်အစည်းအဝေးရုံးခန်းမတွင်တွေ့ဆုံခဲ့ကြကာ လက်ရှိ VIP ဧည့်ရိပ်သာ ဆောက်လုပ်ဆဲဖြစ်သည့်အတွက် ဆက်လက်ဆောင်ရွက်စေလိုကြောင်း၊ ပြည်နယ်ဥပဒေချုပ်ရုံးဆောက်လုပ်မည့်အစား ဘတ်ဂျက်ငွေကို ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဒွေးက "အဓိကကတော့ အဆောက်အဦကို ဆောက်လုပ်ခဲ့တဲ့ အနေအထားမျိုးမှာ ပြီးခဲ့တဲ့လွှတ်တော်မှာ မဆောက်ဖို့၊ ငွေကြေးကို ပြည်သူအတွက် အကျိုးပြုဖို့အတွက် လွှတ်တော်မှာ အဆိုအောင်ထားပါတယ်၊ ဒါပေမယ့် တစ်ဖက်ကလည်း VIP အဆောက်အဦးကို လက်ရှိပြည်နယ်အစိုးရအနေနဲ့ အမှန်တကယ် လိုအပ်ချက်အရ ဆောက်လုပ်နေဆဲဖြစ်တယ်၊ လွှတ်တော်က ဘယ်လိုပြန်သုံးသပ်မလဲဆိုတာ မသိနိုင်သေး"ဟုပြောသည်။

*(ကိုးကား - Mon News Agency www.bnionline.net မှ ကောက်နုတ်တင်ပြသည်။)*



## သတင်းဓာတ်ပုံ

ဘောလခဲ-ရွာသစ်-စွပ်ပိုင် ကားလမ်းနံဘေး ကျောက်စီမြေကာနံရံများအား ကယားပြည်နယ်လွှတ်တော်အစိုးရ၏အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့်ပြည်သူ့ ငွေစာရင်းစောင့်ကြည့်စစ်ဆေးရေးကော်မတီတို့မှ ဇန်နဝါရီ ၁ ရက်နေ့တွင် စစ်ဆေးနေစဉ်။

*(ကိုးကား- ကယားပြည်နယ်လွှတ်တော် Facebook Page၊*
*ဓာတ်ပုံ - U Sein Win's Facebook Page)*

# ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်းစာရင်း

| စဉ် | မဲဆန္ဒနယ် | | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | ကယားပြည်နယ် | | | |
| ၁ | ဖရူဆိုမဲဆန္ဒနယ်(၁) | ၁ | ဦးဆူရယ် | အမျိုးသားတိုးတက်ရေးပါတီ |
| | | ၂ | ဦးရီးချက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | | ၃ | ဦးသဲရယ် | လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်) |
| | ရှမ်းပြည်နယ် | | | |
| ၂ | ကျေးသီးမဲဆန္ဒနယ် (၁) | ၁ | စိုင်းစံမိုင်း | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | | ၂ | စိုင်းဆိုင်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | | ၃ | ဦးစိုင်းရွှေမှုံ(ခ)ဦးစိုင်းလိတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | | ၄ | နန်းနွေးနွေး | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| ၃ | ကျေးသီးမဲဆန္ဒနယ် (၂) | ၁ | ဦးကျာဘို | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| | | ၂ | ဦးခင်မောင်ညွန့် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | | ၃ | ဦးစိုင်းမိုးကျော်သူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | | ၄ | စိုင်းသန့်ဇင်လင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | | ၅ | နန်းမွန်းအောင် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| ၄ | မိုင်းရှူးမဲဆန္ဒနယ် (၁) | ၁ | ဦးကျော်ခင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | | ၂ | ဦးစိုင်းစံညွန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | | ၃ | စိုင်းလင်းမြတ် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | | ၄ | ဦးဆမ်းဆန် | “ဝ” လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ |
| | | ၅ | နန်းစံဦး | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| ၅ | မိုင်းရှူးမဲဆန္ဒနယ် (၂) | ၁ | ဦးစိုင်းကံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | | ၂ | ဦးစိုင်းဘထွန်း | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| | | ၃ | ဦးဆန်းမွန် (ခ) ဆမ်းမိန်း | “ဝ” လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ |
| | | ၄ | ဒေါ်နန်းကောင်ခမ်း | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | | ၅ | နန်းစင့်ခမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| ၆ | ကျိုင်းတုံမဲဆန္ဒနယ် (၂) | ၁ | ဒေါက်တာစိုင်းရွက်ပောင် (ခ) စိုင်းရွက် | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| | | ၂ | ဦးစိုင်းလုံ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | | ၃ | ဒေါ်နာတာလီနာ (ခ) ယာမီ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| | | ၄ | ဦးရှာမွေလရှဲန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | | ၅ | ဒေါက်တာဝဏ္ဏစိုး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | | ၆ | ဦးအာမှတ် | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ၇ | ညောင်ရွှေမဲဆန္ဒနယ် (၁) | ၁ | ဦးခင်မောင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| | | ၂ | ဦးစံရွှေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| | | ၃ | ဦးသော်တာ | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |

*(ကိုးကား - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)*

# စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် Website လွှင့်တင်

ဇန်နဝါရီ ၂၀၊ ၂၀၁၇

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်မှ Website လွှင့်တင်ပြီးဖြစ်ကြောင်း၊

www.sagaingregionhluttaw.gov.mm တွင် ဝင်ရောက်လေ့လာနိုင်သည်။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်မှပြဋ္ဌာန်းခဲ့သော ဥပဒေများ၊ ကတိကဝတ်နှင့် အဆိုမှတ်တမ်းများ၊ ရေးရာကော်မတီများ၏ လုပ်ဆောင်ချက်များနှင့် လွှတ်တော်ဆိုင်ရာ သတင်းများကိုလည်း ဖော်ပြထားသည်။ လူမှုကွန်ရက်စာမျက်နှာအနေနှင့် Sagaing Region Hluttaw Facebook Page တွင်လည်း လွှတ်တော်၏ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြလျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးအပြင် မွန်ပြည်နယ်လွှတ်တော်နှင့် (www.monhluttaw.com)၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော် (www.mdyregionhluttaw.gov.mm) တို့လည်း Website များ လွှင့်တင်ထားသည်။

*(ကိုးကား - Enlightened Myanmar Research Foundation)*

## သတင်းဓာတ်ပုံ



ဘားအံမြို့တွင် ဇန်နဝါရီလ ၁၈ ရက်နေ့မှ စတင်ကျင်းပသော "လူမျိုးစုအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ" ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစောချင်ခင်(လယ်) နှင့် ဒု-ဥက္ကဋ္ဌဒေါ်နန်းသူဇာဝင်း(ဘယ်)တို့ တက်ရောက်နေစဉ်။

*(ကိုးကား - Daw Nan Thuzaw Win's Facebook Page)*